ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၆ )   ၂၀၂၆ ခုနှစ် မေလ ၂၉ ရက်

## မာတိကာစဉ်


၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ ၂-၄

၂။ တရားသူကြီးက သမ္မတ ထရမ့်၏ IRS ( အမေရိကန်ပြည်တွင်းအခွန်များဌာန)အပေါ် တရားစွဲဆိုမှုကို ပယ်ချကာ စေ့စပ်ညှိနှိုင်းမှုအတွက် လမ်းစဖွင့်ပေးခြင်း ၅-၇

၃။ နိုင်ငံတကာစေ့စပ်ညှိနှိုင်းရေးအဖွဲ့ ( International Organization for Mediation-IOMed) ၈-၁၀

၄။ နယ်သာလန်နိုင်ငံတွင် အမျိုးသမီးများကို မိမိပါတနာ၏နောက်ကြောင်း မှတ်တမ်းအား ရဲထံတွင် စစ်ဆေးရန်ခွင့်ပြုသည့်ဥပဒေသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် စီစဉ်ထားရှိခြင်း ၁၀-၁၂

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၄ ) အမှတ် ( ၁၆)
၂၀၂၆ ခုနှစ် မေလ ၂၉ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)၌ အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးလျက်ရှိသော ပြည်ထောင်စုဥပဒေ၊ တစ်ဆင့်ခံဥပဒေများအနက် ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်နှင့် မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်တို့ကို ပြင်ဆင်သည့်ညွှန်ကြားချက်တို့နှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် ညွှန်ကြားချက်အမှတ် ၃/၂၀၂၅ ဖြင့် ခရိုင်အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပြီး အခန်း(၁၁)ခန်း ပါဝင်ပါသည်။ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို အခန်း(၄) တွင် ဖော်ပြထားပြီး ညွှန်ကြားချက်ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်များမှာ နိုင်ငံတော်၏မူဝါဒများကို ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ကောင်းမွန်သော ဒေသန္တရအုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်နိုင်ရန်၊ ပြည်သူကို ဗဟိုပြုသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ခရိုင်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ခရိုင်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ခရိုင်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ကြမည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအချင်းချင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်တို့ ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ညွှန်ကြားချက်အမှတ် ၃/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သော ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်ကို ပြင်ဆင်သည့်ညွှန်ကြားချက်အား နိုင်ငံတော်သမ္မတရုံးက

၂၉-၄-၂၀၂၆ ရက်နေ့တွင် ညွှန်ကြားချက်အမှတ် ၁/၂၀၂၆ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ယခင်က ထုတ်ပြန်ခဲ့သောညွှန်ကြားချက် ၃/၂၀၂၅ ၏ အပိုဒ် ၁၁ အား အစားထိုးပြင်ဆင်ခဲ့ခြင်းဖြစ်ပါသည်။

ညွှန်ကြားချက်အပိုဒ် ၁၁ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီသည် ခရိုင်အုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း ဖော်ပြထားပြီး ခရိုင်အုပ်ချုပ်ရေးမှူး(ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ခရိုင်ဦးစီးမှူး(စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ခရိုင်ဥပဒေအရာရှိ(ခရိုင်ဥပဒေရုံး)၊ ခရိုင်ဦးစီးမှူး(လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)၊ ခရိုင်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူတစ်ဦးတို့က အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး(မြန်မာနိုင်ငံရဲတပ်ဖွဲ့)က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းထားရှိပါသည်။

ထို့အတူ မြို့နယ်အုပ်ချုပ်ရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် ညွှန်ကြားချက်အမှတ် ၄/၂၀၂၅ဖြင့် မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပြီး အခန်း(၉)ခန်း ပါဝင်ပါသည်။မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များကို အခန်း(၄)တွင် ဖော်ပြထားပါသည်။အဆိုပါညွှန်ကြားချက်ကို ပြင်ဆင်သည့်ညွှန်ကြားချက်အား နိုင်ငံတော်သမ္မတရုံးက ၂၉-၄-၂၀၂၆ ရက်နေ့တွင် ညွှန်ကြားချက်အမှတ် ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ယခင်က ထုတ်ပြန်ခဲ့သောညွှန်ကြားချက် ၄/၂၀၂၅ ၏ အပိုဒ် ၁၁ အား အစားထိုးပြင်ဆင်ခဲ့ခြင်းဖြစ်ပါသည်။

ညွှန်ကြားချက်အပိုဒ် ၁၁ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီသည် မြို့နယ်အုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း ဖော်ပြထားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး (မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြို့နယ်ဦးစီးမှူး(စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ မြို့နယ်ဥပဒေအရာရှိ (မြို့နယ်ဥပဒေရုံး)၊ မြို့နယ်ဦးစီးမှူး (လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)၊ မြို့နယ်

အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူ တစ်ဦးတို့က အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး (မြန်မာနိုင်ငံရဲတပ်ဖွဲ့)က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းထားရှိပါသည်။

ညွှန်ကြားချက်အပိုဒ် ၆၇ အရ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်ကော်မတီသည် မြို့နယ်တရားရုံး၏လုပ်ငန်းများ အောင်မြင်စေရေးနှင့် တရားရုံး၏လုံခြုံရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းခြင်း၊ မြို့နယ်ဥပဒေရုံး၏လုပ်ငန်းများ အောင်မြင်စေရေးနှင့် ဥပဒေရုံး၏လုံခြုံရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းခြင်း၊ မြို့နယ်အဆင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏လုပ်ငန်းများအောင်မြင်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းခြင်းစသည်တို့ ဆောင်ရွက်နိုင်ပါကြောင်း တွေ့ရှိရပါသည်။ထို့ပြင် ညွှန်ကြားချက်အပိုဒ် ၆၈ အရ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများအား ဤညွှန်ကြားချက်နှင့်အညီ လုပ်ငန်းများဆောင်ရွက်နိုင်စေရေး ကြီးကြပ်ကွပ်ကဲပေးရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်နှင့် မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်တို့နှင့်စပ်လျဉ်း၍ အသေးစိတ် လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## တရားသူကြီးက သမ္မတ ထရမ့်၏ IRS (အမေရိကန်ပြည်တွင်းအခွန်များဌာန) အပေါ် တရားစွဲဆိုမှုကို ပယ်ချကာ စေ့စပ်ညှိနှိုင်းမှုအတွက် လမ်းစဖွင့်ပေးခြင်း

သမ္မတ ထရမ့်၏ အခွန်အချက်အလက်များ သတင်းပေါက်ကြားခဲ့မှုနှင့် ပတ်သက်၍ IRS ကို ဒေါ်လာ ၁၀ ဘီလီယံတောင်းဆိုကာ တရားစွဲဆိုထားမှုအား သမ္မတ ထရမ့်ကိုယ်တိုင် ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့၍ ဖက်ဒရယ်တရားသူကြီးတစ်ဦးက အဆိုပါအမှုအား ပလပ်ခဲ့ပါသည်။

သမ္မတတစ်ဦးက မိမိဦးဆောင်နေသောအစိုးရအဖွဲ့ကို ပြန်လည်တရားစွဲဆိုသည့် ပထမဆုံးသော ဖြစ်ရပ်ဖြစ်သောကြောင့် အကျင့်ပျက်ခြစားမှုစောင့်ကြည့်ရေးအဖွဲ့များနှင့် လွှတ်တော်တွင်းရှိ ဒီမိုကရက်ပါတီဝင်များက ယင်းအမှုကို ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းခဲ့ကြသည်။ အဆိုပါအမှုပယ်ဖျက်ပေးရန် တောင်းဆိုပြီး နာရီပိုင်းအကြာတွင် သမ္မတထရမ့်နှင့် စေ့စပ်ညှိနှိုင်းမှု သဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် တရားရေးဌာနက 'နိုင်ငံရေးအရ အသုံးချမှုဆန့်ကျင်ရေး ရန်ပုံငွေ' (Anti-Weaponization Fund)တစ်ရပ်ကို တည်ထောင်ကြောင်း ကြေညာခဲ့သည်။ တရားရေးဌာန၏ ထုတ်ပြန်ချက်အရ ထိုဒေါ်လာ ၁.၇ ဘီလီယံ ရန်ပုံငွေသည် ၎င်းတို့ဌာနအနေဖြင့် အမှုအခင်းများကို စေ့စပ်ညှိနှိုင်းရန်နှင့် လျော်ကြေးပေးရန်အတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အမှုစစ်တရားသူကြီး ကတ်သလင်းဝီလီယံက တရားရုံးစည်းမျဉ်းများက ခွင့်ပြုထား၍ တရားလိုအနေဖြင့် အမှုကို ရုပ်သိမ်းခွင့်ရှိသော်လည်း သမ္မတထရမ့်သည် တရားလိုအဖြစ်ရော၊ သမ္မတအဖြစ်ပါ ၎င်းကိုယ်တိုင်နှင့် ပြန်လည်စေ့စပ်ညှိနှိုင်းနေသည့် ပုံစံဖြစ်နေကြောင်း သမ္မတထရမ့်၏ ပြောဆိုချက်များကို ထောက်ပြလျက် တရားသူကြီးက ယင်းတရားစွဲဆိုမှု၏ ခိုင်လုံမှုအပေါ် ယခင်ကတည်းက သံသယဖြစ်မိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

စေ့စပ်ညှိနှိုင်းမှုများနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို အများပြည်သူသို့ ထုတ်ဖော်ချမပြခဲ့သည့်အတွက်လည်း တရားသူကြီးက တရားရေးဌာန (DOJ) ကို ပြင်းပြင်း ထန်ထန် မေးခွန်းထုတ်ခဲ့သည်။

တရားရေးဌာနသည် အစိုးရ၏ လုပ်ဆောင်ချက်၊ ပြည်သူ့ဘဏ္ဍာသုံးစွဲမှုနှင့် တရားမျှတမှုကို ကာကွယ်ရန် တာဝန်ရှိသော်လည်း၊ အမှုသည် အမှန်တကယ် ဖြစ်ပွားခြင်း ရှိ မရှိ သံသယရှိနေသည့်တိုင် ယခုစေ့စပ်မှုသည် သင့်လျော်မှု ရှိ မရှိ သက်သေပြရန် မည်သည့်စာရွက်စာတမ်းကိုမျှ တရားရုံးသို့ တင်ပြခဲ့ခြင်း မရှိကြောင်း တရားသူကြီးက အမှုပယ်ဖျက်ချက်တွင် ရေးသားခဲ့သည်။

ဥပဒေပညာရှင်များက အခွန်ပေါက်ကြားမှုသည် ဖက်ဒရယ်ကန်ထရိုက်တာတစ်ဦးကြောင့် ဖြစ်ပြီး ယင်းပုဂ္ဂိုလ်မှာ ထောင်ဒဏ်ကျခံနေရပြီဖြစ်၍ ဤအမှုအား အခြေအမြစ်မခိုင်လုံဟု သုံးသပ်ကြသည်။ ထို့ပြင် ပေါက်ကြားမှုသည် ၂၀၁၈-၂၀၂၀ ဝန်းကျင်က ဖြစ်ပွားခဲ့ခြင်းကြောင့် တရားစွဲဆိုခွင့် သက်တမ်းကျော်လွန်နေနိုင်ကြောင်း ထောက်ပြခဲ့ကြသည်။

တရားရေးဌာန ရှေ့နေဟောင်း ရူပါဘာတာချာရီယာက ယခုအမှု မစေ့စပ်မီကပင် "ဒီလိုတိုင်ကြားမှုတချို့က သာမန်ကိစ္စတွေပဲ မဟုတ်လား"ဟု ပြောကြားခဲ့သည်။ ၎င်းက "ဥပမာအားဖြင့် စာတိုက်ကားတွေ ယာဉ်တိုက်မှုဖြစ်တာ၊ စစ်မှုထမ်းဟောင်းရေးရာ ဆေးရုံက ဆရာဝန်တွေ ဆေးကုသမှု မှားယွင်းလို့ တိုင်ခံရတာ ဒါမှမဟုတ် ပြည်ထောင်စုအစိုးရပိုင် အဆောက်အအုံတွေထဲမှာ လူတွေ ခြေချော်လဲတာမျိုးတွေပါ"ဟု ဆိုသည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုအပြီး ရှင်းလင်းရေးလုပ်ငန်းများတွင် ပါဝင်သူများထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်ကဲ့သို့သော အလွန်ပြင်းထန်ဆိုးရွားသည့် အမှုများတွင်ပင် လျော်ကြေးငွေပေးအပ်မှုများသည် ဒေါ်လာ ၁၀သန်းထက် ပိုလေ့မရှိကြောင်း ဘာတာချာရီယာက ပြောကြားခဲ့သည်။

ထင်ရှားသော ကွန်ဆာဗေးတစ်ရှေ့နေ Edward Whelan က သမ္မတထရမ့် အိမ်ဖြူတော်မှ ထွက်ခွာသွားချိန်အထိ ယခုတရားစွဲဆိုမှုကို ခေတ္တဆိုင်းငံ့ထားရန် NPR သို့ ပြောကြားခဲ့သည်။ထရမ့်အစိုးရ တာဝန်ထမ်းဆောင်နေစဉ် အမှုကို ရပ်ဆိုင်းထားခြင်းက ကျိုးကြောင်းဆီလျော်မှုရှိကြောင်း ၎င်းက အကြံပြုသည်။

ကွယ်လွန်သူ တရားသူကြီး အန်တိုနင် စကာလီယာထံတွင် စာရေးအဖြစ် လုပ်ကိုင်ခဲ့ဖူးသည့် တရားရေးဌာန ရှေ့နေဟောင်း ဝီလန်က ထရမ့်သည် တရားစွဲသည့် တရားလိုဖြစ်သလို၊ တရားစွဲခံရသည့် အစိုးရအဖွဲ့၏အကြီးအကဲ(သမ္မတ)လည်း ဖြစ်နေသည်။ထို့ကြောင့် ၎င်းနှင့် ၎င်းခန့်အပ်ထားသော တရားရေးဌာန အရာရှိများကပင် ဤလျော်ကြေးကိစ္စကို အစိုးရဘက်မှ မည်သို့ကိုင်တွယ်မည်ဟု ဆုံးဖြတ်နေခြင်းမှာ မတရားသဖြင့် ကိုယ်ကျိုးရှာရာရောက်နေကြောင်း ဝေဖန်ထောက်ပြ ထားသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www.npr.org/2026/05/18/g-s1-119783/trump-irs-lawsuit-settlement

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၆) ၂၀၂၆ ခုနှစ် မေလ ၂၉ ရက်

## နိုင်ငံတကာစေ့စပ်ညှိနှိုင်းရေးအဖွဲ့ (International Organization for Mediation-IOMed)

နိုင်ငံတကာစေ့စပ်ညှိနှိုင်းရေးအဖွဲ့ တည်ထောင်ခြင်းဆိုင်ရာကွန်ဗင်းရှင်း (Convention on the Establishment of the International Organization for Mediation)အရ ဖွဲ့စည်းခဲ့သော နိုင်ငံတကာစေ့စပ်ညှိနှိုင်းရေးအဖွဲ့ (International Organization for Mediation-IOMed)သည် ပထမဦးဆုံးသော အစိုးရအချင်းချင်း ဖွဲ့စည်းထားသော ဥပဒေအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ IOMed အဖွဲ့၏ရည်ရွယ်ချက်မှာ အဖွဲ့ဝင်နိုင်ငံများအကြား စေ့စပ်ညှိနှိုင်းခြင်းနည်းလမ်းဖြင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရန်နှင့် အပြည်ပြည်ဆိုင်ရာအငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် ဖြစ်သည်။

IOMed Convention ကို ၃၀-၅-၂၀၂၅ ရက်နေ့တွင် ဟောင်ကောင်မြို့၌ နိုင်ငံပေါင်း ၃၃ နိုင်ငံမှ စတင်လက်မှတ်ရေးထိုးခဲ့ပြီး ယခုအခါတွင် နိုင်ငံပေါင်း ၄၁ နိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံသည်လည်း အဆိုပါ Convention အား လက်မှတ်ရေးထိုးခဲ့ပါသည်။IOMed Convention နှင့်အညီ နိုင်ငံအချင်းချင်းအကြား အငြင်းပွားမှုများ၊ နိုင်ငံတစ်နိုင်ငံနှင့် အခြားနိုင်ငံ၏ နိုင်ငံသားတစ်ဦးအကြား အငြင်းပွားမှုများနှင့် နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့် တင်သွင်းလာသည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအငြင်းပွားမှုများအတွက် စေ့စပ်ညှိနှိုင်းရေး ဝန်ဆောင်မှုလုပ်ငန်းများ ကို ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ ပိုမိုပြောင်းလဲလွယ်နိုင်သော၊ ကုန်ကျစရိတ်သက်သာသော၊ အဆင်ပြေသော၊ ကောင်းမွန်စွာ အကောင်အထည်ဖော်ထားသော နည်းလမ်းတစ်ခုအဖြစ် စေ့စပ်ညှိနှိုင်းခြင်း၏ ထူးခြားသောအားသာချက်များကို အသုံးချခြင်းဖြင့် နိုင်ငံများအားလုံးအတွက် အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုများကို ထိရောက်စွာ ဖြေရှင်းနိုင်ရေးအတွက် ရွေးချယ်စရာတစ်ခုအဖြစ် ဖြစ်ပေါ်လာပါသည်။

IOMedအဖွဲ့၏ဖွဲ့စည်းပုံတွင် အုပ်ချုပ်ရေးကောင်စီ(Governing Council)၊ အတွင်းရေးမှူးချုပ် (Secretriat)၊ စေ့စပ်ညှိနှိုင်းရေးအဖွဲ့များ (Panel of Mediators)နှင့် အဖွဲ့ခွဲများ သို့မဟုတ် အကြံပေး

အဖွဲ့ခွဲများ(Subsidiary Institutions or Advisory Bodies)ဖြင့် ဖွဲ့စည်းထားရှိပါသည်။ အုပ်ချုပ်ရေးကောင်စီသည် IOMed ၏ဆုံးဖြတ်ချက်များချမှတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အတွင်းရေးမှူးချုပ်သည် IOMed နှင့်စပ်လျဉ်း၍ နေ့စဉ်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။ စေ့စပ်ညှိနှိုင်းရေးအဖွဲ့တွင် နိုင်ငံများအကြားဖြစ်ပွားသည့် အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းသူအဖွဲ့(Panel of State-to-State Mediators)၊ နိုင်ငံနှင့်အခြားနိုင်ငံ၏ နိုင်ငံသားအကြား၊ ပုဂ္ဂလိကအဖွဲ့အစည်းများအကြား ဖြစ်ပွားသည့် ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ကုန်သွယ်ရေးအငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းသူများအဖွဲ့(General Panel of Mediators)တို့ ပါဝင်ပါသည်။IOMed အနေဖြင့် ၎င်း၏လုပ်ငန်းဆောင်ရွက်မှုများအတွက် လိုအပ်သည်ဟုယူဆပါက အဖွဲ့ခွဲ့များသို့မဟုတ် အကြံပေးအဖွဲ့ခွဲများကို ဖွဲ့စည်းဆောင်ရွက်နိုင်မည် ဖြစ်သည်။

IOMed Convention အရ IOMedအဖွဲ့သည် စာချုပ်ဝင်နိုင်ငံများအကြား ဥပဒေအရအငြင်းပွားမှုများ၊ အကြောင်းခြင်းရာအရ အငြင်းပွားမှုများ၊ သဘောမတူညီမှုများနှင့်စပ်လျဉ်း၍ စာချုပ်ဝင်နိုင်ငံများ၏တောင်းဆိုချက်များအပေါ် စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ထို့ပြင် အုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသော စည်းမျဉ်းများနှင့်အညီ စာချုပ်ဝင်မဟုတ်သော နိုင်ငံများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ၎င်းတို့၏ အငြင်းပွားမှုများကို တင်သွင်းရန် ဆန္ဒရှိပါက စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။နိုင်ငံ၏အချုပ်အခြာအာဏာ၊ ပင်လယ်ရေကြောင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများအပေါ် စေ့စပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါ။ထို့ပြင် တတိယနိုင်ငံပါဝင်သော အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ IOMed အဖွဲ့သည် အဆိုပါတတိယနိုင်ငံ၏ ကြိုတင်သဘောတူညီချက်မရှိလျှင် စေ့စပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ပေးမည် မဟုတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**Source**

- https://www.iomed.int/about-us/
- Convention on the Establishment of the International Organization for Mediation

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၄ ) အမှတ် ( ၁၆)  ၂၀၂၆ ခုနှစ် မေလ ၂၉ ရက်

## နယ်သာလန်နိုင်ငံတွင် အမျိုးသမီးများအား မိမိပါတနာ၏ နောက်ကြောင်းမှတ်တမ်းကို ရဲထံတွင် စစ်ဆေးရန်ခွင့်ပြုသည့် ဥပဒေသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် စီစဉ်ထားရှိခြင်း

နယ်သာလန်အစိုးရအဖွဲ့သည် အိမ်တွင်းအကြမ်းဖက်မှုများနှင့် အမျိုးသမီးများသတ်ဖြတ်ခံရမှုများကို ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်သည့် Clare’s Law ၏ နယ်သာလန်ဗားရှင်းတစ်ရပ်အား လာမည့်နှစ်တွင် ဥပဒေအဖြစ်တင်သွင်းရန် စီစဉ်ထားရှိပြီး အဆိုပါဥပဒေအရ အမျိုးသမီးများအနေဖြင့် ၎င်းတို့၏လက်ရှိ သို့မဟုတ် ယခင်ပါတနာဟောင်းသည် အကြမ်းဖက်မှုရာဇဝင်မှတ်တမ်း ရှိ မရှိအား ရဲအရာရှိထံ တောင်းဆိုကြည့်ရှုခြင်းကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

နယ်သာလန်အစိုးရမှ ယခုအဆိုပြုသည့် ဥပဒေအသစ်သည် အိမ်တွင်းအကြမ်းဖက်မှုများကို ဖြေရှင်းရန်အတွက် သီးခြားရပ်တည်နေပြီး ဖြေရှင်းသည့်နည်းလမ်း မဟုတ်သော်လည်း အိမ်တွင်းအကြမ်းဖက်မှုများ လျှော့ချနိုင်ရန်အတွက် ကျယ်ပြန့်သော မဟာဗျူဟာ၏ အစိတ်အပိုင်းဖြစ်ကြောင်း အလေးပေးပြောကြားခဲ့ပါသည်။

ဥပဒေသစ်သည် အင်္ဂလန်နိုင်ငံ၏ Clare’s Lawအား အခြေခံထားခြင်းဖြစ်ပြီး Clare’s Law ဆိုသည်မှာ ၂၀၀၉ ခုနှစ်တွင် ယခင်လက်တွဲဖော်ဟောင်း၏ သတ်ဖြတ်ခြင်းခံခဲ့ရသည့် Clare Wood ဆိုသည့် အမျိုးသမီးတစ်ဦး၏အမည်အား အစွဲပြု၍ ခေါ်ဆိုထားခြင်းဖြစ်သည်။အဆိုပါအမှုတွင် ရဲအရာရှိများမှ Clare Wood၏ လက်တွဲဖော်သည် အန္တရာယ်ရှိပြီး မိမိ၏ပါတနာအပေါ် အကြမ်းဖက်မှုကျူးလွန်တတ်သည့် အမျိုးသားတစ်ဦးဖြစ်ကြောင်း သိရှိပြီးဖြစ်သော်လည်း Clare Wood အနေဖြင့် ၎င်း၏ပါတနာနှင့်စပ်လျဉ်း၍ မည်သည့်သတင်းအချက်အလက်ကိုမျှ သိရှိခွင့် မရခဲ့ပေ။အင်္ဂလန်နှင့် ဝေးလ်တို့တွင် ၂၀၁၄ ခုနှစ်မှစတင်၍ လူပုဂ္ဂိုလ်များသည် မိမိပါတနာ၏ အိမ်တွင်းအကြမ်းဖက်မှု မှတ်တမ်းသတင်းအချက်အလက်အား ရဲထံမှ တောင်းယူစစ်ဆေးခွင့်ရရှိခဲ့ပြီး အချို့သောအခြေအနေများတွင် မိသားစုနှင့်မိတ်ဆွေသူငယ်ချင်းများမှလည်း ရဲထံမှ ထိုသို့သတင်းအချက်အလက်များအား တောင်းဆိုနိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၆)　　　　၂၀၂၆ ခုနှစ် မေလ ၂၉ ရက်

နယ်သာလန်အစိုးရအဖွဲ့မှ Clare’s Lawကဲ့သို့သော အလားတူစနစ်သည် အမျိုးသမီးများအား ပြင်းထန်သော ထိခိုက်နစ်နာမှုများမှ ကာကွယ်ပေးရန် အကူအညီဖြစ်နိုင်သော်လည်း ခိုင်မာသည့် အကာအကွယ်စည်းမျဉ်းများရှိရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။အစိုးရမှ အကိုးအကားပြု ဖော်ပြထားသည့် အချက်အလက်များအရ အဆိုပါစနစ်သည် ရှင်းလင်းတိကျသည့် စည်းမျဉ်းများရှိခြင်း၊ နစ်နာသူအား ထိရောက်သည့်အကာအကွယ်များပေးနိုင်ရေး စနစ်များထားရှိခြင်းနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား သတင်းအချက်အလက်များ ပူးပေါင်းမျှဝေရန်လိုအပ်ကြောင်း ပြောကြား ခဲ့ပါသည်။

နယ်သာလန်နိုင်ငံ၏ ၂၀၂၄ ခုနှစ် အိမ်တွင်းအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ မလျော်ကန် သည့် အပြုအမူများစောင့်ကြည့်ရေးဆိုင်ရာစစ်တမ်းများအရ အသက် ၁၆ နှစ်နှင့်အထက် လူများ၏ ၉ ရာခိုင်နှုန်းသည် အိမ်တွင်းအကြမ်းဖက်မှု၏ နစ်နာသူများဖြစ်ခဲ့ကြောင်းနှင့် ယင်းသည် ၁.၃ သန်း ရှိ လူဦးရေနှင့် ကိုယ်စားပြုညီမျှကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**သတင်းအရင်းအမြစ်များ**

- https://nltimes.nl/2026/05/28/netherlands-working-new-law-allow-women-check-partners-police-record
- https://en.wikipedia.org/wiki/Clare%27s_Law

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

